# သဒ္ဓါ (၄) မျိုး

## ၁။ ပသာဒသဒ္ဓါ

ပသာဒသဒ္ဓါ ဆိုသည်မှာ ဘုရား တရား သံဃာဆိုသည့် အသံကြားရုံမျှဖြင့် စိတ်ထဲတွင် ကြည်လင်စိတ် ကြည်ညိုစိတ် ဖြစ်ပေါ်လာတာကိုပင် ပသာဒသဒ္ဓါဟုခေါ်သည်။ ဘုရား အကြောင်း တရားအကြောင်း သံဃအကြောင်း ဘာမျှမသိသေးဘဲ ဘုရားသံ တရားသံ သံဃာသံကြားရုံမျှဖြင့် ဖြစ်ပေါ်လာတဲ့ စိတ်ကြည်လင်မှု စိတ်ကြည်ညိုမှုပင်ဖြစ်သည်။ ပသာဒသဒ္ဓါသည် အချို့ပုဂ္ဂိုလ်များ၌ အင်မတန် အင်အားကောင်းစွာဖြစ်ပေါ်တတ်ကြ သည်။

## ၂။ ဩကပ္ပနသဒ္ဓါ

ဩကပ္ပနသဒ္ဓါ ဆိုသည်မှာ ညဏ်ဖြင့်သက်ဝင်ရုံကြည်မှုပင်ဖြစ်သည်။ ဘုရားကို ညဏ်ဖြင့် သက်ဝင်ယုံကြည်ခြင်း တရားကိုညဏ်ဖြင့်သက်ဝင်ယုံကြည်ခြင်း သံဃာကိုညဏ်ဖြင့် သက်ဝင်ယုံကြည်ခြင်းဖြစ်၏။ ဘုရားအကြောင်းဆိုလျှင် မည်သို့ဘုရားဖြစ်လာပုံ မြတ်စွာ ဘုရား၏ စိသန္တာန်တော် ရုပ်သဏ္ဍာန်တော်နှင့် မြတ်စွာဘုရား၏ ဂုဏ်တော်များကို ညဏ်ဖြင့်သက်ဝင်ဆင်ခြင်နှလုံးသွင်းကာဖြင့် ကြည်ညိုဖွယ်ဖြစ်ပေါ်လာခြင်း ပင်ဖြစ်သည်။

## ၃။ အာဂမသဒ္ဓါ

အာဂမသဒ္ဓါ ဆိုသည်မှာ သာမန်ပုဂ္ဂိုလ်များနှင့် မသက်ဆိုင်ဘဲ ဘုရားလောင်းများနှင့်သာ သက်ဆိုင်သည်။ ဘုရားအလောင်းများမှာ ဘုရားဖြစ်လိမ့်မည်ဟု ဘုရားတစ်ဆူဆူထံမှ ဗျာဒိတ်ရပြီးသည့်အချိန်မှစ၍ သူ၏သန္တာန်၌ ဖြစ်ပေါ်လာသည့် ယုံကြည်မှုပင်ဖြစ်သည်။ (အချို့ကျမ်းစာ၌ အာဂမနသဒ္ဓါ၊ အာဂမနိယသဒ္ဓါ ဟုရှိ၏)။

## ၄။ အဝေစ္စပ္ပသာဒ

အဝေစ္စပ္ပသာဒ ဆိုသည်မှာ မြတ်စွာဘုရားမိန့်ကြားတော်မူသည့်အတိုင်း သတိပဋ္ဌာန်မဂ္ဂင် ရှစ်ပါး အကျင့်တရားများကို ကျင့်ကြံပွားများလို့ ခန္ဓာကိုယ်ခေါ်သောရုပ်နှင့် စိတ်ခေါ်သော နမ်တရားမှ ဖြစ်ပေါ်သမျှကို ဖြစ်ပေါ်သည့်အတိုင်း သတိနှင့် စူးစူးစိုက်စိုက် ရှုရင်း ရှုရင်း ဖြင့် ရုပ်၏သဘာဝ နာမ်၏သဘာဝကို သဘာဝလက္ခဏာအနေနှင့်ရော သာမည လက္ခဏာအနေနှင့်ပါ ထိုးထွင်းသိမြင်လာသောအခါ၌ မြတ်စွာဘုရား၏ တရားတော်များသည် မှန်ကန်ကြောင်း၊ ဘုရားရှင် ဆုံးမတော်မူသည့်အတိုင်း တကယ်လက်တွေ့ကျင့်ကြံပါက တရားထူးများရနိုင်ကြောင်း၊ ဖြစ်ပြီးလျှင်ပျက်ကာ ဘာမျှ တည်တံ့ခိုင်မြဲခြင်းမရှိပါလားဟု စသည်ဖြင့် ယုံကြည်ဆုံးဖြတ်နိုင်လာ၏။ တရားအသိ ပိုမို ရှင်းလင်းလာသည်နှင့်အမျှ ယုံကြည်မှု ပိုးပြီးအားကောင်းလာပေသည်။ ဤကဲ့သို့ တရားတော်များကို လက်တွေ့ကျင့်ကြံအားထုတ်ရာမှ တရားတော်အတိုင်း ကိုယ်တွေ့ သိမြင်ရလို့ ဖြစ်ပေါ်လာသော ယုံကြည်မှုသည် အဝေစ္စပ္ပသာဒ ပင်ဖြစ်၏။

( ချမ်းမြေ့ဆရာတော်၏ ချမ်းသာရေးတရားတော်စာအုပ်မှ )

## Reference


- https://www.facebook.com/buddhadamma/posts/979504518774666/